

SOCA Program #4

# WHAT THE WAY WE LIVE

## IN THE SOCIAL DISTANCING



Program Summary & Outcomes



Cover: Kyee Myin Daing Jetty by Sithu Moe
Inside cover: Mixed media by Shwe Wutt Hmon
Inside Backcover spread: Shadows by Zune Min Latt (Sebastian)

SOCA PROGRAM #4 WHAT THE WAY WE LIVE IN THE SOCIAL DISTANCING

Program Overview:

# What the Way We Live

.....................

ကမ္ဘာတစ်ဝှမ်း ကပ်ဘေးတွေကြုံခဲ့ကြပြီး ပြန်လည်နိုးထလာခဲ့ကြသလို ဒီနေ့အချိန်မှာလည်း အနာဂါတ်အတွက် ပြန်လည်ရှင်သန်မှုတွေကို ကျွန်ုပ်တို့အသိုင်းဝိုင်းတွေမှာ ရှာဖွေလာကြပါတယ်။ အနုပညာဆိုတာ လူတွေရဲ့ရင့်ကျက်မှုတွေဖြစ်သလို ကျနော်တို့ရဲ့လက်ရှိအတွေ့ကြုံတွေ ခံစားမှုတွေဟာ လာမယ့်ကာလတွေအတွက် နည်းလမ်း၊ စနစ်၊ နေထိုင်မှုပုံစံတွေဖြစ်လာနိုင်ပါတယ်။

အခုအစီစဉ်ဟာ ၂၀၂၀ နှစ်ဦးပိုင်း Home Stay ကာလရဲ့ရိုက်ခတ်မှုတွေပါဝင်သလို၊ ဒီနေ့လူငယ်တွေရဲ့ Art အပေါ်ချဉ်းကပ်မှုရေချိန်ကိုလည်း တိုင်းတာနိုင်မှာဖြစ်ပါတယ်။ ပါဝင်သူတွေ မျှဝေခဲ့ကြတဲ့ ဓာတ်ပုံတွေ ဗီဒီယိုအတိုလေးတွေနဲ့ အတွေးစတွေကို ခြုံငုံစုပေါင်းခြင်းဟာ ယခုအစီစဉ်ကပေါ်ထွက်လာတဲ့ Collaborative work တစ်ခုဖြစ်ပါတယ်။ တစ်ဦးချင်းရဲ့အနုပညာလက်ရာလို သီခြားမဟုတ်ပဲ ပေါင်းစည်းခြင်း၊ နှိုင်းယှဉ်ခြင်းပါဝင်သူတွေရဲ့ နေထိုင်ရှင်သန်ရာ တစ်နေရာစီက ပုံရိပ်အစစ်မှန်တွေဟာ လက်ရှိကာလကို ထင်ဟပ်ပြောပြနေမှာဖြစ်ပြီး ဘယ်လိုဆက်လက်ရှင်သန်သွားကြမလဲဆိုတာကို တစ်နည်းတစ်လမ်းတွေးတောမိစေမှာဖြစ်ပါတယ်။

ပါဝင်တဲ့ ဓာတ်ပုံနဲ့ဗီဒီယိုတွေမှာ လက်ရှိအချိန်ကာလအတွင်း အထီးကျန်မှု၊ စိုးရွံ့ထိတ်လန့်ခြင်းနဲ့ မသေချာမရေရာတဲ့ ဘဝတွေကို တစ်မျိုးစီပြောပြနေကြပါတယ်။ သရုပ်မှန်ဓာတ်ပုံတွေ၊ ဒြပ်မဲ့အရိပ်တွေ၊ ကဗျာဆန်ဆန်အရုပ်တွေ၊ လူတွေ၊ သစ်ပင်တွေ၊ အိမ်မက်မြင်ကွင်းတွေ ဖြစ်ပါတယ်။ တိုက်ခန်းမျက်နှာစာတစ်ခုမှာ စက္ကူရုပ် စကြာလေးတစ်ခု လေအလာမှာ လည်လိုက်ရပ်လိုက်ဖြစ်နေတယ်၊ တစ်နေရာမှာ စတုရန်းကွက်နေထပ်နေတဲ့ အိမ်တွင်းမြင်ကွင်းတွေ၊ သစ်ရွက်တွေကထိုးကျနေတဲ့အရိပ်တွေလှုပ်ရှား၊ပြင်ပကမြင်ကွင်းနဲ့အိမ်ထဲကအရိပ်တို့ရောနှောနေခြင်းတွေ...၊ လက်ရှိအချိန်ရဲ့ ရောစွက်လာကြတဲ့ ခံစားမှုတွေကိုဖေါ်ပြရာမှာ အသွင်ပြင်တွေခြားနားနေပါတယ်။ ဒါပေမယ့် အားလုံးတူညီချက်တစ်ခုက အနုပညာဟုဆိုနိုင်သော(အများသိပြီးသား) အသွင်ပြင်သရုပ်သဏ္ဍာန်တွေ ကင်းနေတာပါပဲ။

Photo Video media

ထူးခြားမှုတစ်ခုအနေနဲ့ ဓာတ်ပုံနဲ့ဗီဒီယိုဆိုတာ ယခင်ကထက်ပိုပြီး လွယ်ကူတဲ့မီဒီယံတစ်ခုဖြစ်လာပြီး သာမန်လူမှုကွန်ယက်တွေမှာ လွတ်လပ်စွာမျှဝေခြင်းနဲ့ အနုပညာမှာအသုံးပြုခြင်းတို့ကြားက ပါးလွှာသော ဆင်တူကွဲပြားချက်ကို ဆန်းဆစ်မိစေမှာဖြစ်ပါတယ်။ နေ့စဉ်ဘဝမှာ လွတ်လပ်စွာအထိမ်းကွပ်မဲ့ ရိုက်ယူနိုင်တဲ့ ပုံတွေဗီဒီယိုတွေကို မိမိရဲ့ Creativity တစ်ခုအတွက် လက်ရာရဲ့အစိတ်ပိုင်းတခုလို စဉ်းစားတဲ့အခါ ကိုယ်တိုင်သို့လောသို့လော ဖြစ်ခြင်းနဲ့(အနုပညာ) ဆိုတဲ့ သဘောတရားနက်နဲမှုဂယက်ထဲ မြောပါသွားနိုင်ခြင်းကို သတိပြုမိစေနိုင်ပါတယ်။ တစ်ခုရှိတာက သာမန်နေ့စဉ်ဘဝကို ရိုက်ယူတဲ့ လျှပ်တစ်ပျက်ဓာတ်ပုံများ၊ Abstract ဆန်တဲ့ဓာတ်ပုံများ၊ Street မြင်ကွင်းပုံရိပ်တွေနဲ့ ဇာတ်လမ်း/သတင်းဆန်ဆန်..ချစ်ရှွင်သနား..ရသတွေဆောင်တဲ့ လူပုံ အရာဝတ္ထုပုံတွေဟာ Intentionally အကြောင်းအချက်မဟုတ်ခဲ့ရင် အနုပညာလို့ဆိုဖို့မဖြစ်နိုင်ပါ၊ သို့ပေမယ့်အခုအစီစဉ်ထဲကပုံတချို့ဟာလည်း အဲဒါမျိုးပါဝင်နေဆဲဖြစ်တာတွေ့ရမှာပါ။ အနုပညာ Art project သို့မဟုတ် process တခုမှာ ဓာတ်ပုံ၊ ဗီဒီယိုနဲ့အခြားအရာတွေသုံးတာဟာ သက်ဆိုင်သောအခြေခံအကြောင်းပြချက်တွေရှိပါတယ်၊ ဒီအချက်ကိုလည်း အခုအစီစဉ်ရဲ့ အနုပညာရှင်ရီဗျူးတွေကတစ်ဆင့် အတိုင်းတာတစ်ခုထိ နားလည်စေနိုင်မယ်လို့ယူဆပါတယ်။

အနုပညာကို ယခင်သိရှိနားလည်ပြီးသော အယူဆဟောင်း၊ ရသခံစားမှုဟန်တွေကနေ လက်တွေ့ဆန်ပြီး ခေတ်ကိုမြင်နိုင်သော တိတိပပထုတ်ဖေါ်ဖန်တီးမှုတွေအဖြစ် အသွင်ပြောင်းကြဖို့လိုပါတယ်။ ဒီအခြေနေကိုရောက်ဖို့ မသိတဲ့၊ မတွေ့ဖူး၊ မကြုံဖူးဖူးတဲ့ ခရီးသစ်တွေကို ဖြတ်သန်းကြရမှာဖြစ်ပါတယ်။ ဒီခရီးဟာ အနှောင်ဖွဲ့အမှီခိုကင်းလေလေ ခရီးရောက်လေလေပါပဲ။ အခုလိုအသွင်ပြင်သစ်၊ ရလဒ်သစ်တွေက( လက်ငင်းမထိရောက်နိုင်ပေမယ့်) လှေကားထစ်သဖွယ်အထောက်ကူပေးနိုင်မှာဖြစ်ပါတယ်။ ဒီအစီစဉ်ကနေ သိရတဲ့နောက်တစ်ချက်ကတော့ လူငယ်တွေကြားမှာ အသစ်ကိုရှာဖွေဖို့ အတားဆီးအကန့်သတ်တွေ များစွာရှိနေတာဖြစ်ပါတယ်၊ ဘဝရပ်တည်မှု၊ အသိုင်းဝိုင်းဆက်ဆံရေးနဲ့ နည်းစနစ်ဟောင်း အများကြိုက်ခေလှေ့ဟောင်းတွေရဲ့ အနှောင်ဖွဲ့အစွဲလမ်းတွေ ဖြစ်ပါတယ်။ ပညာတစ်ခုကို ဆက်လက်ခရီးဆက်ဖို့ထက် လက်ငင်းကိုသာ ဦးစားပေးရင်း အခြေခံအဆင့်သာသာမှာတင် အဆုံးသတ်လာနိုင်ပါတယ်။ ဒီအခက်တွေအတွက် အဖွဲ့စည်းသစ်တွေက လူငယ်အစီစဉ်သစ် ပြပွဲပုံစံသစ်တွေနဲ့ ပံ့ပိုးမြှင့်တင်ပေးဖို့ အထူးလိုအပ်နေပါပြီ။

နိဂုံးချုပ်ရရင် ဒီအစီစဉ်မှာပါဝင်ခဲ့သူတွေအားလုံးအနေနဲ့ ပိုမိုပြည့်စုံကြွယ်ဝတဲ့ အနုပညာ လေ့လာမှုတွေကို တတ်နိုင်သလောက် ဆက်လက်လုပ်ဆောင်နိုင်ကြဖို့ ဆန္ဒပြုလိုက်ရပါတယ်။

ခင်မင်စွာဖြင့်
AUNG MYAT HTAY
SOCA Organizer
21 May 2020

Program Overview:

# What the Way We Live

....................

We have experienced catastrophic events around the world, and today we are looking for a future in our community. Art is the essence of human maturity, and our current experiences are a way for us to come and see the future.

The plan reflected to the outbreak of Covid-19's Stay Home period, as well as the impact of the project today's youth approach to art can also be measured. Gathering together photos, short videos, and ideas that the participants shared is a kind of collaborative work from the project. These are not a separately work of art of individual. The real picture in each of the living spaces of the participants will be reflected in the present and in some way imagined how we lived in future.

Contributed photos and videos of the current period of loneliness; They tell each other about their fears, solitude and uncertain lives. Realistic photos, shadows, light, poetic scene of people, trees, objects are as like dreams. At the front of the apartment, a paper fun was playing in the air. Areas in square shapes overlapping views of the home. The foliage falling from the leaves, the mix of the outside and the shadows of the house. Nowadays, there are differences in how people express their mixed emotions. But one thing in common is that there is no such thing as art we known.

*Photo Video media:*
In particular, photography and video are becoming easier medium than ever before, and will shed light on the thin contrast line between free sharing on socialnetwork and use in the art process. When you think of free-to-play images in everyday life, you can be aware of the potential of being in the realms of being in the real world, as you think of videos as an integral part of your work for creativity.

One is the flashing photos of ordinary life. Abstract photos Street images and stories / news, love, and portraits are not to convey as art unless intentionally about the subject. However, you may find that some of the images in the program are still included. An art project or process in an art project or process. There are basic reasons why using video and other things is important. I think this will be understood through the artists' perspective of the project.

We need to transform the old-fashioned idea of art senses into practical and visual representations of reality. For that challenges, we will faced to go through unprecedented journeys. The more you travel independently the more you reach. The new results will be a stairwell (although not useful immediate). Another thing that we learned from the program is that there are many barriers to finding new ones among young people. Life; Community ties and old-fashioned tendencies are commonplace. Instead of continuing to pursue a course of education, you may end up at the basic level. This is a shown that need for new organizations for the art and there is a huge need for promotion of new youth programs.

In conclusion, all who participated in the program wish to continue to pursue more rich art studies as much as possible.

Sincerely

AUNG MYAT HTAY
SOCA Organizer
21 May 2020

# Letter from co-organizer:



ဒီပို့စ်မှာအဓိကဆွေးနွေးချင်တာတွေက SOCA post ကွန်းမန့်တွေမှာဆွေးနွေးထားတာတွေကိုဖတ်ပြီး ရလာတဲ့အတွေးအပိုင်းအစတချို့ ဖြစ်ပါတယ်။ ပထမဆုံးပြောချင်တာက အခုရေးမှာရော ရေးတဲ့သူရောဟာ အားလုံးလိုပဲ အနုပညာအမျိုးအစားပုံစံကွဲတွေကို လက်လှမ်းမီလိုက် မမီလိုက် နဲ့ တလိမ့်လိမ့်သွားနေသူဆိုတာပါ။ ရေးတာတွေထဲမှာ အမြင်မတူတာ သဘောမကျတာ ပြန်အငြင်းအခုန် လုပ်လိုတာ ဖြစ်လာခဲ့ရင်အဲဒါအားလုံးဟာ ကောင်းတဲ့လက္ခဏာတွေပါ။

ကျွန်မရွေးလိုက်တဲ့ topic က contemporary art work တွေနဲ့ artist တွေဟာ ကျွန်တော်တို့ကျွန်မတို့ဝန်းကျင် အသိုင်းအဝိုင်းနဲ့အရမ်းအလှမ်းကွာနေတာနားမလည်နိုင်တာ Gap တွေများလာတာ ကိုမြင်ရတယ်ဆိုတဲ့အချက်ပါ။ ကျွန်မလည်းအဲဒါကိုသတိထားမိတယ်။ အဲလိုသတိထားမိတော့ ဘယ်လိုဆက်တွေးမိလည်းဆိုတော့ ငါဘာကိုသိချင်တာလဲ။ ဘာလို့သိချင်တာလည်း။ မသိပဲ နားမလည်ပဲ ဟန်ဆောင်ပြီးလည်း ကြိုက်တယ် လက်ခံတယ်မလုပ်နိုင်တော့ ဒါကိုဘယ်လိုဖြေရှင်းရမလဲဆိုတာတွေ စဉ်းစားပါတယ်။

အဓိက ပြဿနာပေ့ါလေ။ ပြဿနာလို့ပဲသုံးပါရစေ။ ကိုယ့်စိတ်နဲ့ကိုယ်ဗျာများနေတာမျိုးမို့ပါ။ အဓိကက ကျွန်မတို့က နားလည်ချင်နေတာပါ။ ဒါပေ့ါ နားလည်ချင်တာပေ့ါ နားလည်မှ အဆင်ပြေညီညွတ်တဲ့အသိတစ်ခုဆိုတာ ပေါ်ပေါက်လာတာမဟုတ်လား။ မှန်ပါတယ်။ ဒါပေမယ့် ဒါက ပြောရရင် ကျွန်မတို့လူ့လောကမှာ တစုံတရာကိုနားလည်သိမှတ်ဖို့အတွက် သမားရိုးကျချဉ်းကပ်ပုံတစ်ခုသာဖြစ်တယ်လို့ တချက်ပြန် စဉ်းစားကြည့်လိုက်ရင်...

အနုပညာအမျိုးအစားတချို့မှာကျတော့ ကျွန်မတို့အဲဒီသိနားလည်ထားပြီးသား နားလည်မှုတည်ဆောက်ပုံနဲ့ ချဉ်းကပ်လို့မရဘူးလို့ မြင်မိပါတယ်။ ဥပမာ ရှုခင်းပန်းချီကားတစ်ချပ် သက်ငြိမ်ပန်းချီကားတစ်ချပ် ကို လူတွေအလွယ်တကူနားလည်လက်ခံနိုင်ပါတယ်။ ဒီအနုပညာလက်ရာရဲ့ တန်ဖိုး၊ အဲဒီလက်ရာရဲ့ အလှတရားက လူတွေအဲဒီလိုအလွယ်တကူနားလည်နှစ်ခြိုက်နိုင်ခြင်းမှာလည်း တည်မှီပါတယ်။ အလွယ်တကူနားလည်နိုင်လို့ သူ့တန်ဖိုးကလျော့သွားတာမဟုတ်ပါဘူး။ ပေါ်ပေါ်ပဲပဲမဟုတ်ပါဘူး။ အဲဒီလက်ရာဖန်တီးသူရဲ့ှအားထုတ်မှုအတိုင်းအတာကိုပဲ တန်ဖိုးထဲမှာထည့်စဉ်းစားရမှာပါ။ ဒီလိုပန်းချီကားမျိုးပဲရေးလို့ဆိုပြီးလည်း မော်ဒန်ပန်းချီလောကဘက်ကသူ့ကိုနှိမ်လို့မရပါဘူး။ (တကယ့်အနုပညာသမားအစစ်တွေက ဒါမျိုးမနှိမ်ပါဘူး။) ဒါသူ့နှစ်သက်လို့ရွေးချယ်တာပါ။ ရှင်းရှင်းလေးပါပဲ။ ပြောလိုရင်းကတော့ မော်ဒန်အတ်ဘက်မှာ ဒီလိုနားလည်လက်ခံမှုပုံစံမျိုးနဲ့ ချဉ်းကပ်လို့ရတဲ့အခါလည်းရှိမယ် မရတဲ့လက်ရာလည်းရှိနိုင် တယ်လို့ပြောချင်တာပါ။ ဒါတွေက တကယ့်ဆရာကြီးတွေလည်း ပြောကြ ရေးကြတာအများကြီးပါ။ ဆရာဇဂျီအောင်စိုးရဲ့ စာတွေထဲမှာရှာလို့လည်းရပါတယ်။

ကျွန်မကတော့ ဒီလိုလုပ်ကြည့်နေတယ်။ contemporary လက်ရာတွေကြည့်ဖူးသမျှပြန်စဉ်းစားမိရင် ချက်ချင်းကိုယ့်ဆီတန်းခနဲရောက်လာသလိုခံစားရတာမျိုး၊ ဘယ်လိုချဉ်းကပ်ကြည့်လို့မှမရတဲ့အမျိုး ဆိုပြီးခွဲကြည့်လိုက်ပါတယ်။ လုံးဝလက်ခံလို့မရတဲ့အမျိုးမှာမှ နှစ်မျိုးထပ်ခွဲကြည့်ပါတယ်။ ဘယ်လိုမှလက်မခံနိုင်ဘူးကွာဆိုပြီး ထွက်လာပြီးတာနဲ့မေ့သွားတာရယ် ဘာမှန်းမသိပေမယ့် မမေ့နိုင်ပဲ အမှတ်တရဖြစ်ကျန်နေတာရယ် ချက်ချင်းကိုယ့်ဆီတန်းခနဲလာထိတာမျိုးပဲဖြစ်ဖြစ် လက်မခံနိုင်ပေမယ့် မမေ့နိုင်တာပဲဖြစ်ဖြစ် လုံးဝထားပစ်ခဲ့တာပဲဖြစ်ဖြစ်အဲဒီအာရုံတွေအကုန်လုံးက လက်ရာရှင်ရဲ့ အတွေးစိတ်ကူးနဲ့ ဘာမှဆက်နွယ်မနေဘူး။ ဆက်နွယ်စရာလည်းမလိုဘူး။

အဲဒါသည် စောစောကဥပမာပေးတဲ့ သက်ငြိမ်ပန်းချီကားတစ်ချပ်ရဲ့ ဖန်တီးသူနဲ့ ခံစားသူနဲ့ ကြားက ဆက်နွယ်မှု နဲ့ လုံးလုံးကွာခြားခြင်း ဖြစ်တယ်။ ဒီမှာပေးသူနဲ့ရသူကြားမှာနှစ်ဦးနှစ်ဘက်ကဆန္ဒရဲ့ဆုံမှတ်ရှိနိုင်ပါတယ်။ဒါတောင်မှရေးသူက သူရေးချင်လို့ရေးတာလက်ခံတာမခံတာ သဘော ပဲလို့ဖြစ်နိုင်ပါသေးတယ်။ realism ဖြစ်စေ မော်ဒန်ဖြစ်စေ အနုပညာဆိုတာနဲ့တင် ဖန်တီးသူရဲ့တန်ဖိုးဟာ အဲဒါပါပဲ။ သူ့ရဲ့လွတ်လပ်ခွင့်ပါ။

မော်ဒန်ဘက်မှာ အဲဒီဆုံမှတ်က အဓိကမဟုတ်ပါဘူး။ သူပေးတာ ကိုယ်ရချင်မှရမယ်။ တခြားဟာရကောင်းရမယ်။ ဘာမှမရတာလည်း ဖြစ်ချင်ဖြစ်မယ်။ အဲဒါကို ဖန်တီးသူကလည်းအရေးမစိုက်ပါဘူး ဒါက သူ့ တားဂက် target မဟုတ်ပါဘူး။ သူ့တားဂက်က သူလုပ်ချင်တာလုပ်လိုက်ရတာ ပြောချင်တာပြောလိုက်ရတာပဲဖြစ်တယ်။ လူကြိုက်များတယ် ပွဲစည်သွားတယ် ဒါမှမဟုတ်ရင်လည်း အကြီးအကျယ်ရှုံ့ချခံရတယ် ဘယ်သူမှစိတ်မဝင်စားဘူး စသဖြင့် ဘာတွေပဲဖြစ်လာဖြစ်လာ အဲဒါ သူနဲ့မဆိုင်ပါဘူး လောကသဘာဝက သူ့နားမှာဖြစ်မြဲဖြစ်နေတာပါ။

တချို့ လူတွေ ရုပ်ရှင်တွေကိုကြည့်ပြီးရင်ဘာပြောချင်မှန်းမသိဘူး လို့ဖြစ်တတ်တာရှိပါတယ်။ ရုပ်ရှင်ကနေ တခုခုနားလည်မှဖြစ်မယ်ဆိုတဲ့ စိတ်အခံနဲ့ကြည့်ရင်ဖြစ်မှာပါပဲ။ ရုပ်ရှင်မှာဆိုပိုသိသာတာပေ့ါ။ လူတွေကိုတခုခုပြောတဲ့ရုပ်ရှင်အမျိုးအစားတွေက စီးပွားရေးအရလည်းအောင်မြင်တယ် လူတွေလည်းနှစ်သက်လက်ခံတယ် တစုံတရာလည်းအကျိုးပြုတယ် အစသဖြင့် ကောင်းကျိုးအထွေထွေဆောင်လေသည်ပေ့ါ။ အဲဒီအမျိုးအစားကနေခွဲထွက်သွားတဲ့ရုပ်ရှင်တွေကို ဘာမက်ဆေ့ပေးချင်တာလည်းမေးလာတဲ့အခါကျရင်တော့ ဘာအဖြေမှလည်း ရှိလာမှာမဟုတ်ပါဘူး။ နဂိုရည်ရွယ်ချက်မှာကိုဖန်တီးသူကတခုခုပေးဖို့ကောင်းကျိုးဆောင်ဖို့ဆိုတာ မပါလို့ပါဘဲ။ ကြိုက်တဲ့သူက

သူနားလည် တာတခုခုရှိသွားတာ ဖန်တီးသူနဲ့တသားတည်းဖြစ်သွားတာ သူ့မှာရှိတဲ့ အခံ ကြောင့်ပါ။ နားမလည်တာ အဲဒီအခံမရှိလို့ပါ။ ဒီအပေါ်မှာလည်း ဘာမှ offend ဖြစ်နေစရာမလိုပါဘူး။ ဒါမျိုးမကြိုက်ဘူး ရယ် ဒါမျိုးတွေကြိုက်တယ်ရယ် ဒါပါပဲ။ ဒါမျိုးကြိုက်မှဖြစ်မယ်လို့ မသတ်မှတ်ပါနဲ့။ အသတ်မှတ်လည်းမခံပါနဲ့။ အကြောင်းကြောင်းကြောင့် အကြိုက်မတူခြင်းပါပဲ။ အောက်ကအချက်နှစ်ချက်ကို အသေးစိတ်ထပ်စဉ်းစားကြည့်ပါဦးမယ်။

. ဘယ်လိုမှလက်မခံနိုင်ဘူးကွာဆိုပြီး ထွက်လာပြီးတာနဲ့မေ့သွားတာရယ်

. ဘာမှန်းမသိပေမယ့် မမေ့နိုင်ပဲ အမှတ်တရဖြစ်ကျန်နေတာရယ်

ကျွန်မတို့ကကိုယ့်ကိုကိုယ် ငါတော့တခြားချဉ်းကပ်နည်းတစ်ခုခုနဲ့မြင်ကြည့်မှဆိုပြီး ဘယ်လိုပဲအဆင်သင့်ပြင်ထားဦးတော့ တကယ်တမ်းကျရောထွေးပစ်တာပါပဲ။ အနည်းဆုံးကျွန်မအတွေ့အကြုံအရပေါ့လေ။ ခံစားသိဆိုတာကို အဆင်သင့်ပြင်ထားလို့မှမရတာပဲ။ ဒါက အလိုအလျောက်ဖြစ်ပေါ် တုန့်ပြန်တတ်ခြင်းတစ်ခု စိတ်အလျင်တစ်ခုဖြစ်တယ်။ ဒီမှာလည်း မော်ဒန်အမျိုးအစားတွေဟာ သိပ်နားမလည်နိုင်ပဲ ဘာကြောင့် လူတွေကိုဆွဲဆောင်နိုင်လည်းဆိုတာ ဒီ unconscious မသိစိတ်နယ်ပယ်ထဲကို လှိုင်းလိုသွားရိုက်ခတ်လို့ လို့ ထင်မိတာပဲ။ ဖတ်မိတဲ့သူတွေထဲက ဒါကိုဆွဲထုတ်ပြီး ပြောနိုင်မယ့်သူရှိရင် ဖတ်ချင်ပါသေးတယ်။ ဒီမှာကျတော့ တခြား layer တွေရှိလာပါပြီ။ ခံစားသိဆိုတာနဲ့ ဒီလိုလက်ခံရခက်နေတဲ့လက်ရာတစ်ခုနဲ့ ဘယ်လိုဆက်စပ်ရပ့ါမလဲဆိုပြီးဖြစ်စရာရှိပါတယ်။

ကျွန်မကတော့ဒီလိုစဉ်းစားမိတယ်။ ကိုယ့်ဒီဘဝအမှတ်သညာထဲမှာ ကိုယ်မသိဘဲအောင်းနေတဲ့ အဟောင်းတွေရှိတယ်။ အဲဒီအဟောင်းတွေက ခံစားမှုအစုံရှိတယ်။ ခါးသီးတာ ချိုမြိန်တာ နာကျင်တာ တမြေ့မြေ့ဖြစ်ရတာ ပေါက်ကွဲစရာ အစသဖြင့်ပေ့ါ။ ကိစ္စသေးသေးလေးကနေ အကြီးကြီးထိပါပဲ။ ဥပမာတစ်ချို့စဉ်းစားကြည့်ထားတယ်။ ကျွန်မကအတိတ်ကို အပိုင်းအစတချို့တလေပဲမှတ်မိတတ်တယ်။ အဖြစ်အပျက်တစ်ခုလုံးတို့ဘယ်သူတို့ ဘာမှမမှတ်မိဘူး ဖျတ်ခနဲကျန်ခဲ့တဲ့မြင်ကွင်းအပိုင်းအစတွေပဲတောင်လိုပုံနေတတ်တယ်။ ကိုယ့်ငယ်ဘဝအကြောင်းတို့ သူငယ်ချင်းတို့ အိမ်ကလူတွေတို့ပေ့ါ တခြားခဏပဲဆုံလိုက်ရတဲ့လူတွေကိစ္စတွေတို့ အစုံပေ့ါ။ တခါတလေ ဘာလေးပဲကွက်ပြီးမှတ်မိနေလည်းဆိုရင် ရွှံ့နှစ်တွေပေါ်သစ်သားအတိုအစတွေတံတားထိုးထားပြီး ဆိတ်ဖလူးပန်းရိုးတံနီလေးတွေအဲဒီပေါ်မှာကျနေတာမျိုး။ ဘယ်မှာဘယ်က ဆိုတာတွေတော့လုံးလုံးမသိတော့ဘူး။ ရုပ်ရှင်တွေဆိုလည်းအဲလိုဖြစ်နေတာများတယ်။ တခုခုတွေက စွဲပြီးကျန်ခဲ့တယ် ဘာကြောင့်လည်းဆိုတာတခါတလေသိရတယ် တခါတလေမသိရဘူး။ ဒါ တချို့လူတွေလည်းအဲလိုဖြစ်ကောင်းဖြစ်မှာပေ့ါ။

ဆိုလိုတာ တစ်ယောက်နဲ့တစ်ယောက် လူဖြစ်လာတာချင်းကိုက မတူတာ။ သိစိတ်မြင်စိတ်တွေမတူတာ မသိစိတ်ထဲက အဟောင်းတွေလည်း မတူတာ။ ရင်ထဲတန်းခနဲလာထိတဲ့ မော်ဒန်လက်ရာတစ်ခုဟာ ကိုယ့်ရဲ့ အဟောင်းပုံထဲက တစွန်းတစကိုလာကလိလို့ပဲလို့ မြင်တယ်။ ဘယ်လိုမှလက်မခံနိုင်ပဲ မေ့လို့လည်းမရတဲ့လက်ရာတစ်ခုဟာ သိစိတ်(နားလည်လိုစိတ်)နဲ့ မသိစိတ် (အဟောင်းပုံထဲက irritate ဖြစ်မှု) တို့အချင်းချင်းထိပ်တိုက်တိုးတာလို့မြင်တယ်။

ထိုနည်းတူ ဒီဆန်းကျယ်ပေ့ဆိုတဲ့ လက်ရာတွေကိုဖန်တီးနေသူတွေဟာ သူတို့ရဲ့ မသိစိတ်ကမ္ဘာကြီးကို အလွန်နှစ်သက်ကြပြီး အစတွေဆွဲထုတ်ရတာ အဟောင်းတွေဖွရတာ ထပ်ထပ်ရောက်လာတဲ့ဝေဒနာအသစ်တွေနဲ့ အမျိုးမျိုးတွဲဖက်စမ်းသပ်ရတာကို အထူးကျွမ်းကျင်ကြတယ်လို့ပဲမြင်မိပါတယ်။

အရမ်းရှည်ရင်လည်းဖတ်ရတာအဆင်မပြေကြမှာစိုးလို့ ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။ တခြားလူတွေရေးတာစောင့်ဖတ်ပါဦးမယ်။

Waimar Nyunt
Artist/Filmmaker
Co-organizer of this program
24. April. 2020

Note: For the English Translation of this letter, please go this link and generate into any language:
https://www.facebook.com/groups/2667973773527558/permalink/2679555755702693/

# Participants works

Shun Lae Yi Aung
Si Thu Moe
Tun Tun Win
Zune Min Latt (Sebastian)
Youn Gyi
Ye Min Tun
Pyae Phyo Thant Nyo
Kyaw Thet Htet Zaw
Shwe Wutt Hmon
Aung Kyaw Thu
Ye Minn Thu
Moe Myat May Zarchi
and
Collaboration with
Wai Mar Nyunt




## Shun Lae Yi Aung

She is a part time Japanese Language Teacher and interested in contemporary art.

မင်္ဂလာပါ
ကျွန်မ ရွှန်းလဲ့ရည်အောင်ပါ လက်ရှိမှာတော့ ဂျပန်စာသင်တန်းကျောင်းမှာ စာသင်ပါတယ် ပန်းချီဆရာတော့မဟုတ်ပေမယ့် ပန်းချီဆွဲတယ် Art ကို စိတ်ဝင်စားပြီး ဘယ်က စရမယ်မှန်းမသိတာနဲ့ medium အနေနဲ့ ပန်းချီဘက်ကို ရွေးမိတယ် နောက်ပိုင်း Contemporary Artဘက်ကို ပိုအားပါလာပြီး လေ့လာဖို့ ဒီဂရုထဲပါဝင်ဖြစ်ခဲ့ပါတယ် ပါဝင်ခွင့်ပေးတဲ့ Soca program ကိုလည်း ကျေးဇူးတင်ပါတယ်။







A lockdown street in Yangon April 2020. Video, Photo



## Si Thu Moe

He is a M&E Engineer.
Interested in contemporary art.

ကျွန်တော် နာမည်ကတော့ စည်သူမိုး ဖြစ်ပါတယ်။လက်ရှိ M&EEngineerတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ SOCA ကို Program ကိုပါဝင်ဖြစ်ခဲ့တာ ကတော့ ကျွန်တော်တို့ဆီမှာ မြင်ခွင့် တွေခွင့် ခံစားခွင့် လေ့လာခွင့် နည်းပါးနေတဲ့ Art Form တွေကို လေ့လာရ ခွင့်ရ တော့မယ့်အတွက် ဖြစ်ပါတယ်။ ပြီးတော့ Art ကို ချစ်ကြတယ့် ညီကို မောင်နှမ တွေနဲ့ လည်း ဆုံခွင့်ရတာ အလွန် ဝမ်းသာစရာ ကောင်းတယ်လို့လည်း ခံစားရလို့ပါ။ ကျွန်တော်က ကဗျာ၊ Audio၊ Short Flim ၊ installation Art တွေကို လေ့လာနေသူ တစ်ယောက်ပါ။ Contemporary Art တွေရဲ့ ကျယ်ပြော လှပ ဆန်းသစ် ပုံတွေကို ပိုမို့ တို့ထိခွင့် ရရန် SOCA ရဲ့ Program 4 မှာ ပါဝင်ခွင့်ရ တဲ့ အတွက် ကျေးဇူး အထူးတင်ပါတယ် ခင်ဗျာ။



Kyi Myin Daing Jetty of Yangon River, April 2020, Video, Photo



## Tun Tun Win

He is a 3D Designer and artist,
interested in contemporary art.

အားလုံးပဲ မင်္ဂလာပါဗျ။ ယခု soca program 4 မှာပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျနော့်နာမည်က ထွန်းထွန်းဝင်းပါ။ 3d designer လုပ်ပါတယ်။ ခေတ်ပြိုင်အနုပညာကို စိတ်ဝင်စားလို့လည်း လေ့လာနေပါတယ်။ အဓိကလေ့လာဖြစ်ရတာကတော့....နေ့စဉ်ထပ်တလဲလဲဆန်တဲ့အလုပ်တွေကနေခဏ ခွဲထွက်ပြီး ပေါင်းစပ်မှုတခု စိတ်လှုပ်ရှားစရာ ရှာဖွေမှုများကို စမ်းသပ်ရှာဖွေခြင်လို့ပါ။ ကျနော်ကတော့ medium မျိုးစုံစမ်းသပ်ရတာကို နှစ်သက်ပါတယ်။ ကျနော်တို့ ဒီဘက်ခေတ်မှာ medium မျိုးစုံလာပါတယ်။ ရောင်စုံစက္ကူ ရောင်စုံရွှံ့စေးလိုမျိုးတွေ အခြားအရောင်သွေးစုံတဲ့ အသုံးချပစ္စည်းတွေ ကစားစရာတွေ နဲ့ experiment လုပ်ရတာ စိတ်ပျော်ရွှင်ဖို့လည်းကောင်းပါတယ်။




A garden view from the window, April 2020
Photo, video



## Zune Min Latt (Sebastian)

Sebastian has been doing self studied for art since 2017 and his main interest are in modern and contemporary art. He took part as a volunteer in various exhibitions by Pyinsa Rasa Art Space @ The Secretariat from February to July 2018. He began studying acrylic painting at BAK St Art Gallery in 2019 and took part in group exhibition of BAK ART Club's 2nd exhibition in December 2019. He's also interested in curatorship and currently studying art related courses available online.



Shadows, Photo, video.

I'm always fascinated by the beauty and tranquility of the shadows. When the photos of these shadows are exposed multiple times (here I only did double exposure with photo editing app), they look more intricate which I find much more investing than conventional shadows formed by everyday objects.



## Youn Gyi

He is graduated in Painting from National University of Art and Culture, Mandalay in 2017.

ကျွန်တော့်နာမည် ယွန်းကြီးပါ
ကျွန်တော်က ၂၀၁၇မှာ National university of arts and culture (mdy) ကနေ B.A (painting) နဲ့ ကျောင်းပြီးထားတာပါ ကျောင်းစတတ်တုန်းက ကျွန်တော်က modern art ကိုစိတ်ဝင်စား ခဲ့တာ အဲ့ဒီတုန်းကတော့ ဖုန်းရခါစဆိုတော့ မော်ဒန်အက် လောက်သိတာပေ့ါနော် အနုပညာအရည် အသွေးတွေ အဆင့်တန်းတွေ တစ်ခြားနိုင်ငံမှာဘယ်လောက်မြင့်မားတယ်ဆိုတာ သိနိုင်ခဲ့တဲ့အချိန်ကစလို့ ကျွန်တော်ဘယ်လောက်နောက်ကျခဲ့ပီ ဆိုတာလည်းခန့်မှန်းနိုင်ခဲ့ပါတယ်။ ထိုအချိန်မှစလို့လည်း ဖန်တီးမှုတွေအတွေးခေါ်တွေကို ကျွန်တော်ပိုအလေးပေးဖြစ်ခဲ့ပါတယ်။ ပါဝင်ခွင့်ရသည့်အတွက်လွန်စွာ ဝမ်းသာပါတယ်။








**Boring of Squares**, Video



## Ye Min Tun

DOB - 21.1.1987
Job - Vero Myanmar PR and Digital Marketing Position in Media Relations. He is a member of SOCA since the1st program.

အားလုံးပဲ မင်္ဂလာပါ..
ကျွန်တော်ကတော့ ရဲမင်းထွန်းပါဗျ။ Public Relations Agency တစ်ခုမှာ Media Relations အနေနဲ့ လုပ်နေပါတယ်။ အရင်ကတော့ Journalist တစ်ယောက်အနေနဲ့ လုပ်ကိုင်ခဲ့ပါတယ်။ ကျွန်တော်ကတော့ ဝါသနာအရ လေ့လာသူတစ်ယောက်ပါပဲ။ အခုလို အစီအစဉ်တွေမှာ Art Work တွေ Artist တွေ ဝါသနာရှင်တွေနဲ့ မိတ်ဆွေတွေနဲ့ ဆုံတွေ့ခွင့်ရတာ ပျော်စရာပဲ။ SOCA 1 ကတည်းက စပြီး ပါခဲ့ပါတယ်။ နောက်လည်း Program တွေ ထပ်လုပ်ဖြစ်မည်ဆိုလည်း ပါချင်သေးတာပါပဲ။
Art Work တွေ IDEA တွေလည်း သိပ်တော့မစဉ်းစားတတ်ပါဘူး။ သိပ်တော့လည်း မလုပ်တတ်ပါဘူး။ Art Work အကြောင်းတွေ လေ့လာချင်တာရယ်၊ သူများတွေ Art Work တွေ လုပ်ရင် ကြည့်ချင်နေတာရယ် ဒီ Program ကို Join ဖြစ်တာပါပဲ။



**Like being in a hole**, Photo series

It is a time of great sadness. Sun, It's just like seeing the other side of the screen. Looks like it's gone. It's like seeing a little light. It was just like being in the dark. These photos are like watching people in confinement while living at home without knowing anything. As you might expect, It's like being in a hole. It is a form that looks like a stare or a stare.



## Pyae Phyo Thant Nyo

Mingalar par. Nice to meet everyone of you.

My name is Pyae Phyo Thant Nyo. Currently studying fine arts in London. My artistic practice shifts between photography/video, painting, sculpture and installation, contributing with a poetic and plastic vision about dangerous or conflicting situations. I am interested in uncommon and isolated landscapes; being time, memory, mankind and nature.

P.S I haven't updated my website yet. https://pyaephyothantnyo.org/




**Frustration,** Drawing on the long exposure photograph:

It's supposed to be part of my confession, where individuals were invited to reveal a secret they had never previously disclosed, while left alone in a room facing a camera. When they felt ready, they opened the shutter and when they were finished they closed it again, so that each photograph's exposure was determined by the length of time its subject chose to speak. In the absence of audio recording equipment, the sitters' confessions are documented as a visual trace without disclosing any specific content.



## Kyaw Thet Htet Zaw

He is a graphic designer and working in advertising creative field. He interest contemporary art and he is also an old member of SOCA since 1st program.



**Glass block**, Photo

This is a picture of the outside through the glass wall of the bathroom. The room was alone in the bathroom, and there was some noise on the side of the road. We see some light from the glass. I couldn't see anything. But it's better than a brick wall. So I watched Facebook all the time like a blurred glass.



## Shwe Wutt Hmon

Shwe Wutt Hmon (born 1986) divides her time between photography and work in development. Shwe is a freelance documentary photographer based in Yangon, Myanmar.

Shwe is one of the founding members of a Myanmar based women photographer collective, Thuma Collective, which is dedicated to visual storytelling.

Shwe's works can be seen at https://www.shwewutthmon.com.



**We Cannot Run Away From Who We Are,** Photo practice for our days in quarentine



## Aung Kyaw Thu (Pathein)

He is working inservice at Pathein Culture Museum of Ministery of Culture. He studied at the State School of Fine Art in Yangon, he also interest in contemporary art.












**Day-1,** Photo series for our days in quarentine April 2020




## Ye Minn Thu

He graduated in Law recently and librian in Shwe Bo upper Myanmar. He interested in photography and art.

ကျွန်တော့် နာမည် ကတော့ ရဲမင်းသူပါ။ စစ်ကိုင်းတိုင်း ရွှေဘိုမြို့က ဖြစ်ပါတယ်။ ဥပဒေနဲ့ လတ်လတ်ဆတ်ဆတ် ကျောင်းပြီးထားပါတယ်။ ဆယ်တန်း guide လည်းလုပ်ပါတယ်။ အလုပ်က တစ်ဖက် ကျောင်းက တစ်ဖက် နဲ့ ကိုယ်ဝါသနာပါတဲ့ အနုပညာ အလုပ်ကိုလည်း စမ်းသပ်ကြည့်ခဲ့ပါတယ်။ ကျွန်တော် ဝါသနာပါတဲ့ အနုပညာကတော့ ဓါတ်ပုံ ရိုက်တာပါ။ အဲဒီလိုနဲ့ မနှစ်က DSLR တစ်လုံးဝယ်၊ စမ်းပြီး ကြိုးစား ရိုက်ကူးခဲ့ပါတယ်။ ဒါပေမယ့် ငွေကြေးအခက်အခဲကြောင့် ပြန်ရောင်းလိုက်ရတယ်ဗျာ။ ဒီရက်ပိုင်း အနုပညာ တစ်ခုကိုလည်း လေ့လာချင်တယ်။ ဘာ medium မှလည်း မရှိဖြစ်နေခဲ့တာပါ။ ဘာကို လေ့လာရမယ်ဆိုတာကလည်း မရေမရာ ဖြစ်နေရင်း ဒီ programme ကို တွေ့လိုက်ရတာပါ။ အမှန်အတိုင်း ပြောရရင် Media Art အကြောင်း သိပ်မသိပါဘူး။ ဒါပေမယ့် ကျွန်တော် လေ့လာချင်တယ် သင်ယူချင်တယ် တက်မြောက်ချင်ပါတယ် လို့ ပြောချင်ပါတယ်ခင်ဗျာ






**Days in the library**
Photo, April 2020



## Moe Myat May Zarchi

Moe Myat May Zarchi (B.1994, Myanmar) is a film director and a lens-based media artist. She has been making short films since 2012. In 2017, she finished her studies with directing at New York Film Academy. https://www.moemyatmayzarchi.com/

ကျမနာမည် မိုးမြတ်မေဇာခြည်ပါ။ ရုပ်ရှင်ရိုက်ပါတယ်။ ဓာတ်ပုံရိုက်ပါတယ်။ ဂီတလဲလုပ်ပါတယ်။ ကျမစိတ်ဝင်စားတာက experimental/ alternative arts ပါ။ experimental ဆန်တဲ့ အရုပ်၊ အသံ၊ ဓာတ်ပုံတွေကို အသားပေးပြီးလုပ်ဖြစ်ပါတယ်။ အခုနောက်ပိုင်း concept (သို့) narrative တခုကို disci-plinary, media နဲ့ ဘာသာရပ်မျိုးစုံပေါင်းပြီး ပြုလုပ်ရတာသဘောကျတယ်။ ကျမလက်ရာတွေမှာ ကင်မရာကိုအခြေခံတဲ့လက်ရာတွေများပြီး electronic ကိုအသုံးပြုတဲ့ ဂီတကိုပြုလုပ်တဲ့အတွက် media art pro-gram ကို ပါဝင်ဖြစ်တာပါ။ ဒီပရိုကရမ်က အခြားအနုပညာရှင်များနဲ့ အမြင်ချင်းဖလှယ်ပြီးသင်ယူလေ့လာဖို့ မျှော်လင့်ပါတယ်ရှင်။ ကျမတို့နိုင်ငံမှာလဲ media art, interdisciplinary arts scene ရှိဖို့မျှော်လင့်ပါတယ်။ ကျေးဇူးပါ။



THESE DAYS I'VE BEEN LOOKING OUT FROM THE INSIDE.
Our Days in Quarantine _ Photo Practice



## Wai Mar Nyunt

She is a film director, producer, artist and ex-tutor at the National University of Art and Culture Yangon.

In this program she collaborated as a co-organizer and guest curator.



A few photos as sketch for the serie of ‘Q’

# Essay:

## လူတိုင်းအနုပညာဖန်တီးနိုင်သလား



Joseph Bouys (1921-1986)

၁၉၆၀ ကျော်ခုနှစ်ထဲတွင် ဂျာမန်အနုပညာရှင်နှင့် ပါဖောမင့်အားတစ် ဂျိုးဇက်ဘွိုင်းသည် ဆိုရှယ်စကပ်ချာဆိုသည့် လူထုပါဝင်သော အနုပညာပရောဂျက်စိတ်ကူးကို စတင်မိတ် ဆက်သည်။ Everyone can create art? ဟူသောအဆိုဖြင့် လူသားတိုင်း၏ တီထွင်ဖန်တီးနိုင်သည့် အစွမ်းစကို ယုံကြည်လက်ခံပြီး အနုပညာ၏ဖြစ်တန်ရာသော ဆန့်ထွက်ဖြန့်ကျက်နိုင်မှုများကို ပြောင်းလဲပြစ်ရန်နိုးဆော်ခဲ့သည်။ သူ၏(social sculpture) အိုင်ဒီယာမှာ လူမှုအသိုင်းဝိုင်းတွင် စာတစ်ပုဒ်၊ စကားတစ်ခွန်း၊ အတွေးတစ်စ၊ လှုပ်ရှားမှုနှင့် အရာဝတ္ထုတစ်စုံတစ်ရာကိုတည်ဆောက်ဖန်တီးသူသည် အနုပညာရှင်ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။



Marcel Duchamp (1887-1968)

အနုပညာသမိုင်းတွင် မာဆယ်ဒူးရှန်း၏ အသင့်လုပ်ပစ္စည်းများကို အနုပညာစိတ်ကူးတွင်အသုံးချခဲ့မှုသည် ၁၉၁၄ ဝန်းကျင်တွင် စတင်ခဲ့ပြီးဖြစ်သည်။ အနုပညာ၏ ယခင်က သတ်မှတ်ထားသောစံနှုန်းများကို ပြောင်းလဲခြင်းဖြစ်ပြီး သာမာန်လူသုံးပစ္စည်း(စက်ရုံထုတ်) များသည် အနုပညာရှင်၏ စိတ်ကူးပေါ်အခြေခံပြီး အနုပညာလက်ရာအဖြစ် အသွင်ပြောင်းလဲ နိုင်သည်ဟူသော အခြေခံဖြစ်သည်၊ လက်ဖြင့်ပြုလုပ်ဆင်ယင်သော အဆင်တန်ဆာဟန် အနုပညာတို့ကိုဆန့်ကျင်ခြင်းဖြစ်သည်။အထက်ပါနမူနာနှစ်ခုတွင် အနုပညာရှင်ဟူသော လူတစ်ဦး၏ နေရာအနေထားကိုမေးခွန်းထုတ်သလို အနုပညာလက်ရာ(ပစ္စည်း)ဟူသောအခြေနေကိုလည်း ပြန်စဉ်းစားရန်ရှိလာခဲ့သည်။

ယနေ့အချိန်ခါတွင် ဓာတ်ပုံတစ်ခု၊ ဗီဒီယိုကလစ်တစ်ခု ရိုက်ရန် မခက်ခဲတော့သော်လည်း ၄င်းဓာတ်ပုံနှင့်ရုပ်မြင်ပစ္စည်းများ၏အရေးပါခြင်းမှာ အနုပညာကဏ္ဍ၏ သတ်မှတ်စံနှုန်းတို့နှင့်အတူ ထပ်တူကျလျှက်ရှိသည်။ သာမာန်ဓာတ်ပုံတစ်ပုံသည် လူပုံ၊ရှုခင်းပုံ အစရှိသဖြင့် မြင်နိုင်ကြည့်နိုင်ပြီး အနုပညာရှင်(သို့မဟုတ်)အနုပညာဖန်တီးရန်တစ်ဦး တစ်ယောက်ကရွေးထုတ်ဖေါ်ပြလာသောဓာတ်ပုံတစ်ခုမှာ ၄င်းပုံပါအရုပ်သဏ္ဍာန်တို့ထက် ပိုသောအချက်လက် တို့နစ်ဝင်မြုပ်ကွယ် နေနိုင်သည်။ ၄င်းအချက်သည် အထက်ကဖေါ်ပြသောအနုပညာရှင်ဆိုသည့်သတ်မှတ်စံနှုန်း၊ အနုပညာလက်ရာတစ်ခုဟူသောသတ်မှတ်စံနှုန်းများကို ပြောပြနိုင်မည်ဖြစ်သည်။ အနုပညာရှင်ဆိုသည်မှာမည်သူနည်း၊ အနုပညာလက်ရာ ဆိုသည်မှာ မည်သည့်ပုံသဏ္ဍာန်တွေနည်း ဟူသောမေးခွန်းများကိုဆက်လက်ဆွေးနွေးကြဖို့မှာ မဖြစ်မနေလိုအပ်လာမည်ဖြစ်သည်။

အနုပညာရှင်၏နေရာ....။

အနုပညာရှင်တစ်ဦးဟုခံယူခြင်းမှာပုဂ္ဂလကိစ္စဖြစ်သည့်အတွက် မိမိကိုယ်ကိုယ်အနုပညာရှင်ဟုခံယူချင်ကခံယူနိုင်သည်။ သို့သော် အနုပညာရှင်ဟုအခြားတစ်ဦးဦးက အသိမှတ်ပြုရန်လိုအပ်သည်ဟုလည်းယူဆကြသည်။ တစ်ဖန် အနုပညာဟုခေါ်င်းစဉ်တပ်သောတက္ကသိုလ်ကောလိပ်သင်တန်းတို့တွင် တတ်ရောက်လက်မှတ်ရယူခြင်းမှာလည်း အနုပညာရှင်ဟု ခံယူသတ်မှတ်ခြင်းအတွက်အထောက်ကူဖြစ်နေဆဲပင်။ ပြခန်းတစ်ခုတွင် ပြပွဲတစ်ခုဖန်တီးခြင်းကလည်း ထိုသို့အသိမှတ်ပြုခံရနိုင်သည်။ မည်သို့အစပြုသည်ဖြစ်စေ အနုပညာရှင်ဟု သတ်မှတ်ရန်အလုပ်တစ်ခုခုလိုသည်။ ထိုအလုပ်တစ်ခုမှာ အနုပညာဟု (အများကလက်ခံပြီးဖြစ်သော) အသွင်အပြင်ဆင်တို့ဖြစ်နိုင်သလို အများအသိမှတ်မပြုသေး၊ မထိတွေ့ဖူးသေးသော အရာတို့လည်းဖြစ်နို်င်သည်။ လက်တွေ့တွင်သိပြီးဖြစ်သော သာမန်အလှဆင်အလုပ်တို့ကို ပိုမိုများပြားစွာတွေ့နိုင်သည့်အတွက် လူငယ်လူသစ်အများစုမှာအများလက်ခံနေကြသည့် ရုပ်ပုံကားချပ်တို့ ရေးနိုင်ဆွဲနိုင်ခြင်းကို အဓိကအခြေခံဟုထင်မှတ်လာကြသည်။ သို့သော်လက်ရှိတွင် ခေတ်ပြိုင်အခြေနေ၏ အနုပညာများမှာ မီဒီယံ၊တက္ကနစ်၊အလုပ်နယ်ပယ် ပုံစံစုံလင်စွာအခြေခံလျှက်ဖြစ်တည်နေခြင်းဖြစ်သည်။ ထို့ကြောင့် အနုပညာရှင်၏နေရာမှာလည်း ကျယ်ပြောလျှက်ရှိခြင်းပင်။

အနုပညာလက်ရာ၏နေရာ....။

ဓာတ်ပုံရိုက်ခြင်းသည် ယနေ့ခေတ်၏ အများသုံးမီဒီယာတစ်ခုဖြစ်သလို သူ့တွင်လည်း သီးခြားဓာတ်ပုံအနုပညာဟူသည့် ပရိုဖက်ရှင်သီးသန့်အလုပ်ပုံစံရှိသည်။ အခြားသော ဗီဒီယို၊ အသံ၊ အက၊ ပုံဆွဲပန်းချီ၊ စာပေ...အစရှိသည့် သီးခြားပရိုဖက်ရှင်ပညာများကဲ့သို့ဖြစ်သည်။ အနုပညာသည် ၄င်းသောအလုပ်ပုံစံအသီးသီးတို့ဆီမှ အခြေခံလျှက်ဖြစ်တည်လာနိုင်သည်။ သို့သော်

၄င်းအလုပ်တို့၏ အစွန်းဖက်ရောက်ရှိလာသောရသအသစ်များမှာ “အနုပညာ” ဆိုသည့်တီထွင်ဖန်တီးခြင်းမှ ပေါက်ဖွားလာသည့် ရလဒ်တို့ဖြစ်သည်။ အနုပညာဟူသည် ၄င်းပညာရပ်ဆိုင်ရာအလုပ်တို့မှ ဖြစ်ပေါ်လာနိုင်သလို ၄င်းအလုပ်ပုံစံတို့၏အစွန်းဖက်ထွက်ရှိလာသော အခြားအရာများလည်းဖြစ်နိုင်သည်။ အနုပညာသည် အလုပ်၏နည်းလမ်းစနစ်တို့မှ ခွဲထွက်ပြီး အခြားသောခရီးတစ်ခုကို ဆက်လက်ထိုးဖေါက်သွားခြင်းဖြစ်သည်။ ၄င်းအခြေနေသည် ခေတ်ပြိုင်အနုပညာ၏ အခြေခံသဘောတရားဟု ဆိုနိုင်မည်ဖြစ်သည်။ အနုပညာသည် မူရင်းပညာရပ်တို့၏ ဘောင်ထဲမှမဟုတ်ပဲ အခြားသောအရာများကိုဆောင်ကျဉ်းလာလေ့ရှိသည်။

ဤအချက်များဖြင့် မည်သည့်အရာတစ်ခုသည် အနုပညာလက်ရာတစ်ခုဖြစ်သည်၊ မည်သည့်အရာများသည် အနုပညာတစ်ခုသဖွယ် ဟန်ဆောင်(တံဆိပ်ကပ်)ထားရုံဖြစ်သည်ကို ခံစားသိနိုင်မည်ဖြစ်သည်။

Why SOCA program?

ဆိုကာအစီစဉ်များ၏ မူလရည်ရွယ်ချက်အရ ပြည်တွင်း၏ အနုပညာဝန်းကျင်ကျယ်ပြန့်လာပြီး ခေတ်ပြိုင်အတွေးအခေါ်များကို အနုပညာတွင်အခြေခံလာစေရန် ဖြစ်သည်။ မည်သူမဆိုအနုပညာဖန်တီးရန်အတွက် အတားဆီးများကိုတတ်နိုင်သ၍ကျော်လွှားရန် အကူညီတခုရနိုင်ရန်ဖြစ်သည်။ ယခုအစီစဉ်တွင်ပါဝင်သည့် ဓာတ်ပုံဗီဒီယိုများသည် အနုပညာလက်ရာဟု ဆိုဖို့ ရကောင်းမှရနိုင်မည်ဖြစ်သည်၊ သို့သော်လည်း အနုပညာအလုပ်ဟုဆိုနိုင်သော ဓာတ်ပုံပညာ၊ ဗီဒီယိုပညာ၊ ပုံဆွဲပညာတို့မှ အခြေခံခြင်းမဟုတ်ပဲ အသင့်လုပ်ပစ္စည်းသဘောတရား၊ သို့မဟုတ် လူထုရုပ်ပုံတစ်ခုတည်ဆောက်ခြင်း(ဆိုရှယ်စကပ်ချာ) သဘောတရားတို့ကို အခြေခံသော စမ်းသပ်တစ်ခုဟုသာ ဆိုနိုင်ကောင်းမည်ဖြစ်သည်။

ယခုပါဝင်သူလူငယ်များမှာ အလုပ်ကိုင်ပညာရပ်နောက်ခံ အမျိုးမျိုးမှဖြစ်ပြီး အနုပညာရှင်များဟု ၄င်းတို့ကိုယ်တိုင်ခံယူခြင်း မခံယူခြင်း၊ ဘွဲ့ရ သင်ကြားခဲ့ခြင်းဟုတ်မဟုတ် တို့မှာလည်း၄င်းတို့ကိစ္စသာဖြစ်သည်။ အချုပ်ဆိုရလျှင် ယခုအစီစဉ်မှာလည်း အနုပညာအစီစဉ်ဟု ဆိုကောင်းမှဆိုနိုင်မည်ဖြစ်ပြီး လူမှုလေ့လာခြင်း(ပုံကြမ်း) Documentation တစ်ခုဟုသာ ဆိုနိုင်မည်ဖြစ်သည်။

ယုံကြည်စွာဖြင့်.....

Aung Myat Htay
Program Organizer
#SOCA

Note: English translation for this essay, you may visit this link to auto generate of Facebook.
https://www.facebook.com/socamyanmar/posts/1641289929358376?__tn__=K-R



**15 May 2020**

This catalogue is not for profit and only for artist community sharing prepared by the SOCA online program. All of photos and datas provided by the participants of this prgram and all rights are goes to them.

Contact: SOCA online program on Facebook
Email: amyathtay@gmail.com

## MEDIA ART EXPERIENCE

**Program Schedule:**

**First Week: 16 - 21 April**
**Progrm Introduction**

- Brief describtion on Media Art
- General overview (artworks)
- Discussion on selected Topic

**Second Week: 22-27 April**
**Project Study Media Art Kitchen (SEA exhibition)**

- Discussions continue
- Study on selected works
- Data sharing/Notes

**Third Week: 28 April - 3 May**
**Practice work/Exercise**

- Theme is "Art and Isolation"
- Making Posts (All participant's works)
- Reviewing/Criticize responds

**Fourth Week: 4 May - 9 May**
**Preparing online exhibition**

- All participants give their best work
- Program/curator open selection
- Artworks descriptiona(or)Artist note

**Online exhibition start on 15 May (Date Tentative)**

- Exhibition will be ongoing at SOCA page
- All participants can open sharing
- Free PDF catalog



SOCA is an alternative learning program, online based platform for contemporary art development in Myanamr.